**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.com Email: cnf.headquarters@gmail.com

# (၃၇) နှစ်ပြည့် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့**

၁။ ၂၀၂၅ ခုနှစ် မတ်လ(၂၀)ရက်နေ့သည် အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ်ချေမှုန်းပြီး အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်လာခဲ့သည့်(၃၇)နှစ်ပြည့် ချင်းတော်လှန်ရေးနေ့ဖြစ်သည်။ တော်လှန်ရေးတွင် အသက်ပေးလှူသွားကြသည့် အာဇာနည်များအား ဦးညွှတ် ဂါရဝပြုပါသည်။ ကိုယ်အင်္ဂါတစိတ်တပိုင်း ပေးလှူသွားကြသည့် သူရဲကောင်းများနှင့် စွန့်လွှတ်ပေးဆပ် အနစ်နာခံသည့် ပြည်သူများအပေါ် လေးစားဂုဏ်ပြုသည်။

၂။ ချင်းအမျိုးသားတပ်မတော်နှင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့သည် ၂၀၂၅ ခုနှစ်၊ နှစ်လတာ အတွင်း စစ်ကောင်စီ၏ စခန်းတချို့ကို သိမ်းပိုက်နိုင်ခဲ့ရာ ရန်သူ့အင်အား(၃၀)ခန့်ကို ရှင်းလင်းနိုင်ခဲ့သည့်အပြင် စစ်သုံ့ပန်း(၂၀)ဦး ဖမ်းဆီးနိုင်ခဲ့ပြီး ရန်သူ့လက်နက်(၈၀)ခန့် သိမ်းဆည်းနိုင်ခဲ့သည်။ ချင်းလဲန်းအတွင်း စစ်ကောင်စီကင်းစင်ရေးနှင့်၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဩဇာအာဏာ သက်ရောက်မှုမှန်သမျှအဆုံးသတ်ရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ညီနောင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် လက်တွဲပြီး အဆုံးတိုင် တိုက်ပွဲဝင်သွားမည်။

၃။ ချင်းအမျိုးသားတပ်ဦးသည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံရေး၊ စစ်ရေး၊ သံရေးတမန်ရေး လှုပ်ရှားမှုအရှိန်ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ (၃၇)နှစ်ပြည့် ချင်းတော်လှန်ရေးနေ့တွင် အကျဉ်းသား(၇၂)ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။

၄။ အာဏာသိမ်း စစ်အုပ်စု၏ အကြမ်းဖက်မှုကြောင့် ပြည်သူများဆုံးရှုံးခဲ့သော လူမှုဘဝ ပြန်လည် ထူထောင်ရေးအတွက် နိုင်ငံတကာအစိုးရ၊ အဖွဲ့အစည်းများ၊ စေတနာရှင်များမှ ပံ့ပိုးကူညီကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ချင်းအမျိုးသားတပ်ဦး**
**Contact: + 916909239223**

Chin National Front – General Headquarters, Chinland